# မြေလူးငှက်ထံမှ သင်ခန်းစာတစ်ခု



ကျွန်ုပ်တို့သည် မနက်ဖြန်၌ လုပ်ရမည့်တာဝန်များ၊ ဝန်ထုပ်ဝန်ပိုးများ၊ တောင်းဆိုချက်များအားဖြင့် မကြာခဏ ပူပင်သောကရောက်ရတတ်ပါသည်။ မာတင်လူသာက သူရေးသော သူ၏ အတ္တုပ္ပတိထဲတွင် "အကျွန်ုပ်တွင် ကမ္ဘာပေါ်ရှိ အခြားသူများထက် ချစ်ရသော တရားဟောဆရာတစ်ဦး ရှိပါသည်။ သူသည် ကျွန်ုပ်၏ ယဉ်ပါးလှသော မြေလူးငှက်ငယ်ကလေးဖြစ်ပါသည်။ ကျွန်ုပ်သည် ပြတင်းပေါက် ခုံပေါ်တွင် အထူးသဖြင့် ညအချိန်တွင် ပေါင်မုန့်အစအနကလေးများကို တင်ထားခဲ့ပါသည်။ သူသည် အစာစားလိုသောအခါ ခုန်ဆွခုန်ဆွနှင့် ပြတင်းပေါက်ခုံပေါ်တက်လာပြီး သူ၏ လိုအပ်ချက်ပြည့်သည်အထိ ဆန္ဒရှိသမျှ ယူဆောင်သွားတတ်ပါသည်။ ထို့နောက် အနီးရှိ အပင်ငယ်လေးပေါ်သို့ ခုန်ဆွခုန်ဆွနှင့်သွားခါ ဘုရားသခင်ကို ကျေးဇူးတင်၍ ပျော်ရွှင်စွာဖြင့် ထောမနာသီချင်းကို ကျယ်လောင်စွာ ချီးမွမ်းလေတော့သည်။ ထို့နောက် သူ၏ ဦးခေါင်းလေးကို အတောင်အောက်၌ လျှိုသွင်း၍ လျင်မြန်စွာ အိပ်ပျော်သွားလေသည်။ သူသည် မနက်ဖြန်ကို သူ့ဘာသာသူစောင့်ရှောက်ရန် ထားရစ်ခဲ့လေသည်။ သူသည် ကမ္ဘာပေါ်တွင် ကျွန်ုပ်ချစ်သော အကောင်းဆုံး တရားဟောဆရာဖြစ်ပါသည်"ဟု ရေးသားထားခဲ့သည်။

တစ်ခါက စိတ္တဇ ဆေးရုံတစ်ခုတွင် နောက်တစ်ကြိမ်စားရန် အစားအသောက် မရရှိမည်ကို အကြီးအကျယ် သောကရောက်နေသည့် လူတစ်ဦးရှိပါသည်။အစာတစ်ကြိမ်စားပြီးသည်နှင့်သူသည်နောက်တစ်ကြိမ်စားရန်အတွက် စတင်၍ ပူပန်လေသည်။ သူ၏ အချိန်နှင့် စွမ်းအင်အတော်များများသည် စိုးရိမ်ပူပန်မှုအားဖြင့် ကုန်ဆုံးရပါသည်။ သို့သော် ထိုသူသည် စိတ္တဇဆေးရုံရှိ လူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်တို့မဟုတ်ပါ။

မြေလူးငှက်က စာကလေးကို ပြောသည်မှာ "ဘာကြောင့် ဒီစိုးရိမ်ပူပန်နေတဲ့လူတွေဟာ ရေးကြီးသုတ်ပြာနဲ့ အရမ်းပူပန်နေရတာလဲဆိုတာ ငါသိချင်တယ်"ဟုပြောရာ စာကလေးက မြေလူးငှက်ကို ပြောသည်မှာ "သူငယ်ချင်း သူ့ဆီမှာ၊ ငါနဲ့မင်းအတွက်လိုမျိုး ဂရုစိုက်တဲ့ကောင်းကင်ဘုံအဖ မရှိလို့ဘဲ ဖြစ်ရမယ်လို့ ငါထင်တယ်ကွာ"။ - Elizabeth Cheney

**ယေရှုသည် ကျွန်ုပ်တို့အား ကောင်းကင်ဘုံရှိဘဏ္ဍာအကြောင်း သင်ကြားပေးသည်။**

Jesus teach us about treasures in Heaven

- စာငှက်ငါးကောင်ကို အသပြာနှစ်ပြားအဘိုးနှင့် ဝယ်ရသည် မဟုတ်လော။ထိုစာငှက်တစ်ကောင်ကိုမျှ ဘုရားသခင် မေ့လျော့တော်မမူ။ ထို့ကြောင့်မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက် သာ၍ မြတ်ကြ၏။
- ထို့ကြောင့် သင်တို့သည် အဘယ်သို့ စားရမည်ဟူ၍ အသက်အဘို့ မစိုးရိမ်ကြနှင့်။ အဘယ်သို့ ဝတ်ရမည်ဟူ၍ ကိုယ်အဘို့ မစိုးရိမ်ကြနှင့်ဟု ငါဆို၏။ အစာထက် အသက်မြတ်သည်မဟုတ်လော၊ အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော။
- ကျီးကန်းများကို ကြည့်ရှုဆင်ခြင်ကြလော့။ ထိုငှက်တို့သည် မျိုးစေ့ကို မစိုက်မကြဲ၊ စပါးကိုမရိတ်၊ စပါးကျီမရှိ၊ ဘဏ္ဍာတိုက်မရှိ၊ သို့သော်လည်း ဘုရားသခင်သည် သူတို့ကို ကျွေးမွေးတော်မူ၏။ ထိုငှက်တို့ထက် သင်တို့သည် သာ၍မြတ်သည်မဟုတ်လော။
- အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တစ်တောင်ခန့်မျှ တိုးပွားစေနိုင်သနည်း။
- ထိုသို့ အငယ်ဆုံးသော အမှုကိုမျှ မတတ်နိုင်လျှင် ကြွင်းသောအမှုကို အဘယ်ကြောင့် စိုးရိမ်ကြသနည်း။
- နှင်းပင်တို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ကြည့်ရှုဆင်ခြင်လော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှါ မငင်မဝင့်၊ သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီးအဝတ်သည် ထိုအပင်တစ်ပင်မျှ၏ အဝတ်ကို မမီဟု ငါဆို၏။
- ယုံကြည်အားနည်းသောသူတို့၊ ယနေ့အသက်ရှင်လျှက် မနက်ဖြန် မီးဖိုထဲသို့ရောက်သော တောမြက်ပင်ကို ဘုရားသခင်သည် ထိုသို့သော အဝတ်နှင့် ဖုံးလွှမ်းတော်မူလျှင် ထိုမျှမက သင်တို့ကို အဝတ်နှင့် ဖုံးလွှမ်းတော်မူမည်မဟုတ်လော။
- ဘုရားသခင်၏ နိုင်ငံတော်ကို ရှာကြလော့၊ နောက်မှ ထိုအရာများကိုထပ်၍ ပေးတော်မူလတ္တံ့။
- သိုးစုငယ်၊ သင်တို့သည် မကြောက်ကြနှင့်။ သင်တို့အဘသည် သင်တို့အား နိုင်ငံကို ပေးခြင်းငှါ အလိုရှိတော်မူ၏။
- သင်တို့ဥစ္စာများကိုရောင်း၍ ဆင်းရဲသားတို့အား စွန့်ကြဲကြလော့။ မဆွေးမဟောင်းသော အိတ်တို့ကို ကိုယ်သုံးဘို့ လုပ်ကြလော့၊ သူခိုးမရောက် ပိုးများ မဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌ မကုန်ဆုံးနိုင်သောဘဏ္ဍာကို ဆည်းပူးကြလော့။
- အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့ စိတ်နှလုံး ရောက်တတ်၏။

ယေရှု (လု ၁၂း၆-၇၊၂၂-၂၈၊ ၃၁-၃၄)